

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 561 - 574)

စာစဉ် - ၄၁

# အပိုင်း ၅၆၁
# ညှော်သည်အပြည့်ဖြင့်

အချိုပွဲနှင့် သစ်သီးတွေအတွက်ကတော့ ပြောစရာ မလိုပါပေ။ သစ်သီးတွေက သေချာပေါက် တော်ဝင်စိုက်ပျိုးခြံရဲ့ အနောက်တောင်ကုန်းပေါ်မှ သေသေချာချာ လက်နှင့်ခူးထားသည့် သစ်တော်သီး၊ ပန်းသီး၊ စပျစ်သီး၊ ပိုးစာသီး၊ ရက်စ်ဘယ်ရီသီးတို့ ဖြစ်သည်။ ဆောင်းရာသီနှောင်းပိုင်း ရောက်နေပြီ ဖြစ်ပေမဲ့ အရင်ရာသီပေါ် သစ်သီးတွေ ဖြစ်သည့် မက်မွန်သီး၊ ဖရဲသီး၊ သခွားမွှေး၊ စတော်ဘယ်ရီသီးတို့ကိုလည်း သစ်သီးခြံထဲက ခူးပြီးခါစအတိုင်း လတ်ဆတ်အောင် ထိန်းသိမ်းထားသည်။

အချိုပွဲများအားလုံးကို ယွီမိသားစုအချိုပွဲဆိုင်မှ ပို့ပေးခြင်း ဖြစ်သည်။ စားပွဲတစ်ပွဲစီတိုင်းမှာ လက်ရာမြောက်လှသည့် အချိုပွဲငယ်လေးတွေအပြင် လူတို့၏ အာရုံကို ဖမ်းစားနိုင်သည့် အရာတစ်ခုမှာ ကျိန်ရှူးစားသောက်ဆိုင် မြေညီထပ် အဓိကခန်းမမှာတင် ပြုလုပ်နေသော ဧရာမကိတ်ကြီးဖြစ်သည်။ အောက်ခြေမှ ကိတ်သည် ယွီအချိုပွဲဆိုင်မှ မုန့်ဖုတ်ပြီး ယူဆောင်လာခြင်းဖြစ်ကာ အရှည်ဆယ်မီတာနှင့် သုံးမီတာကျယ်သော ထောင့်မှန်စတုဂံပုံဖြစ်သည်။ ခရင်မ်နှင့် သစ်သီးယိုများအတွက်မူ ချောမောလှပသည့် မိန်းမငယ်လေး ခြောက်ယောက် ပူးပေါင်းဆောင်ရွက်ပြီး အပေါ်တွင် ဖြန့်သုတ်လိုက်ကြသည်။

စောစီးစွာ ရောက်ရှိလာကြသည့် သခင်လေးများနှင့် သခင်မလေးများက ကိတ်မုန့်ပုံဖော်နေသည်ကို ဝိုင်းလျက် စူးစမ်းချင်စိတ်အပြည့်ဖြင့် စိုက်ကြည့်နေကြသည်။ ထိုကျွမ်းကျင် ကိတ်မုန့်ပြင်ဆင်သူတို့ ပြုလုပ်ထားသော ခရင်မ်ဖြင့် ပြုလုပ်ထားသည့် လှပအသက်ဝင်သော ပန်းများ၊ အရောင်အသွေး စုံလင်စွာ အလှဆင်ထားသည်တို့ကို တွေ့မြင်ရသောအခါ အံ့ဩပင့်သက်ရှိုက်သံတို့ ထွက်ပေါ်လာသည်။

ဧရာမကိတ်ကြီးက အခုလေးတင် အပင်မှ ခူးဆွတ်ထားသည်နှင့် တူလှသော ဆေးရောင်ခရင်မ်တို့ဖြင့် ပြုလုပ်ထားသည့် စိမ်းစိမ်းစိုစို သစ်ရွက်များနှင့် ပန်းရောင်၊ ခရမ်းရောင်နှင်းဆီပန်းတို့ ဖုံးလွှမ်းနေလေသည်။ အရောင်အမျိုးမျိုးရှိသည့် သစ်သီးယိုများအား ကိတ်မုန့်၏အလယ်တွင် အလှဆင်လျက် ဘေးပတ်ပတ်လည်တွင် ခရင်မ်ပတ်ကာ အလှဆင်ထားသည်။

ကိတ်မုန့်အလယ်မှ နောက်ဆုံးလက်ရာပိုင်ရှင်က သေးသွယ်သည့် ကိုယ်ခန္ဓာ၊ ပြူးကျယ်သောမျက်လုံးနှင့် ချီစတိုင်ဝတ်စုံ အနီရဲရဲ ဝတ်ဆင်ထားသော မိန်းကလေးဖြစ်သည်။ သူမ၏ မျက်နှာသွင်ပြင်က ရှောင်ချောင်းနှင့် ရေးရေးမျှ ဆင်သည်။ ဒီလူပုံသဏ္ဍာန် အလှဆင်မှုက ထိပ်တန်းအချိုပွဲ ပညာရှင်ဖြစ်သည့် ယွီအချိုပွဲဆိုင်၏ ကြီးကြပ်ရေးမှူး ယန်လျို၏ လက်ရာဖြစ်သည်။

အနည်းငယ် နောက်ကျပြီးမှ ရောက်ရှိလာသည့် ဧည့်သည်တို့ကတော့ ဤကြီးမားသည့် ကိတ်မုန့်ကြီး ပြုလုပ်ဖန်တီးမှုကို မျက်မြင်မတွေ့ရတော့ချေ။ မြင်တွေ့ရသူများထံမှ ကြားသိရသောအခါ လွတ်သွားခဲ့သည့်အတွက် နောင်တရနေကြတော့သည်။ သို့သော်လည်း သူတို့အားလုံးက ထိုကဲ့သို့ ကိတ်မုန့်မျိုးကို စိတ်ကြိုက်မှာယူလို့ ရသလားဆိုပြီး ကိတ်မုန့်ဘေးမှာ ရပ်နေသည့် မုန့်ဖုတ်သူတွေကို တိုးတိုးတိတ်တိတ် မေးနေကြလေသည်။

တစ်လ ကြိုတင်မှာယူရပြီး ပိုက်ဆံများစွာ ကုန်ကျသည်ဟု ဖြေလျှင်ပင် မည်သူမှ တွန့်ဆုတ်မနေပေ။ အဘယ်ကြောင့်ဆိုသော် ရှောင်ချောင်း၏ ဆံထိုးတင်ပွဲသို့ ကြွရောက်လာကြသည့် ဧည့်သည်တော်အများစုက အဆင့်အတန်းမြင့်သူ ဒါမှမဟုတ် သူဌေးသူကြွယ်များ ဖြစ်ကြပြီး မည်သူမျှ ကိတ်မုန့်တစ်ခုလောက် အတွက် ပိုက်ဆံရှားမနေပေ။ တစ်ချို့လူတွေက နေရာမှာတင် တစ်ခါတည်း ကိတ်မုန့်ဖုတ်သူလက်ထဲမှ ကြိုတင်စာရင်း ပေးစာအုပ်ထဲ၌ သူတို့ရဲ့ မွေးနေ့ကို ချရေးထားခဲ့ကြသည်။ သူ့သခင်မလေးရဲ့ ပွဲမှာ ဂုဏ်ယူရအောင်ပြုလုပ်ပေးချင်သည့် ယန်းလျိုတစ်ယောက် မ ရည်ရွယ်ဘဲ သူ့အချိုပွဲဆိုင်အတွက် ကြိုတင်မှာယူမှုတွေ တလဟော ရရှိလာ စေခဲ့သည်။

အစက ယွီရှောင်ချောင်းဟာ သူငယ်ချင်းအချို့နှင့် မိသားစုကိုသာ ဖိတ်ကြားပြီး လူမသိသူမသိနှင့် သူမအရင်ဘဝကလိုသာ အတူတကွ ထမင်းစားပြီး သူမမွေးနေ့ကို ကျင်းပဖို့ စီစဉ်ထားခဲ့သည်။ သို့သော် သခင်မ ဖန်းရဲ့ ခေါင်းမာနေမှုကိုပင် မဆိုထား နန်းတော်ကလည်း သခင်မဖန်းနှင့် အတူ ဆံထုံးတင်ပွဲ ပြင်ဆင်ရာတွင် ကူညီပေးဖို့ နန်းတွင်းအစေခံ ချွန်းဟုန် ကို အမိန့်ပေးစေလွှတ်လိုက်သည်။ ထိုသို့ နန်းတွင်းက အကူအညီပေးမှု ကြောင့် နန်းတော်ထဲရှိ လူတစ်ချို့စိတ်ထဲ၌ အစီအစဉ်တစ်ချို့ စတင် ပြင်ဆင်စေတော့သည်။

သေချာပေါက် ယွီမိသားစုအမျိုးအဆွေများကလည်း ဧည့်သည်စာရင်း၌ မ ပါမဖြစ်ပင်။ အကြီးဆုံးအဘိုးလေးရဲ့ မိသားစု၊ အမေဘက်မှ အဘိုးအဘွား များ၊ အကြီးဆုံးဦးရီး၊ ဒုတိယဦးရီး၊ အငယ်ဆုံးဦးရီးတို့နှင့်အတူ သူမရဲ့ အဒေါ်သုံးဦး၊ သူမရဲ့ဝမ်းကွဲများနှင့် သူတို့ရဲ့ အိမ်ထောင်ဖက်များ အားလုံး ပါဝင်သည်။ ကျူးကျွင်းယန်က သူတို့အားလုံးကို ခေါ်ဆောင်ရန်အတွက် သူ့

ကိုယ်ပိုင် အစောင့်အရှောင်ပါ ယာဉ်တန်းကို စေလွှတ်ခဲ့သည်။

ဒါ့အပြင် ဖန်းမိသားစု၏ ဆွေမျိုးများလည်း ပါဝင်သည်။ ဖန်းဇီကျန်းက မိဘမဲ့တစ်ယောက်ဖြစ်ခဲ့တာမို့ သူ့ဆရာ၏ ဇနီး သခင်မကျောက်မှ တစ်ပါး တခြား အမျိုးအဆွေ မရှိပေ။ သို့သော် သခင်မဖန်း၏ အမေဘက်မှ ဆွေမျိုး တစ်ချို့ ပါရှိသည်။ အကြီးဆုံးနှင့် တရားဝင်ဦးလေးငယ်တို့သာ ဖိတ်ကြား ခြင်း ခံရသော်လည်း လူအုပ်ရောက်လာသောအခါ၌ အတော်လေး ကြီးမား နေသည်။

အတိတ်တုန်းက သခင်မဖန်း၏ အမေဘက်မှ မိသားစုဟာ သူမ လယ်သူမလေး တစ်ယောက်အား မွေးစားသမီးအဖြစ် ခေါ်ယူသည့်အတွက် သူမကို နားမလည်နိုင် ကြဘဲ အမေဘက်မိသားစုမှ တူမဖြစ်သူကို ရွေးချယ် မယ့်အစား မျိုးရိုးနိမ့်သည့် အောက်တန်းကျသော တောသူမကို မွေးစား သမီးအဖြစ် ခေါ်ယူသည့်အတွက် ပြောဆိုနေခဲ့ကြသည်။ သူမရဲ့ ယောင်းမ သည်ပင် ရှဖူရှန်ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားဖို့ လာရောက်လျက် သူမ နှင့် သေခန်းပြတ်မည်ဟုပင် ခြိမ်းခြောက် ပြောဆိုခဲ့သည်။

သို့သော် လွန်ခဲ့တဲ့နှစ်နှစ်အတွင်း ယွီရှောင်ချောင်းက သူမ၏ ကိုယ်ပိုင် အရည်အချင်းတို့နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း၌ အဆင့်အဆင့် တိုးတက်ပြီး ကြွယ်ဝချမ်းသာလာရုံသာမက ဧကရာဇ်၏ ကောင်းချီးပေးခံရ ပြီး တော်ဝင်မင်းသမီးဘွဲ့ပင် ချီးမြှင့်ခြင်းခံရသည်။ ယခု ကြွယ်ဝချမ်းသာမှု နှင့် ဧကရာဇ်ရဲ့ မျက်နှာပေးခံရမှု၌ တဖြည်းဖြည်း နိမ့်ဆင်းကျနေသည့် ရှ မိသားစုပင် မဆိုထားနှင့်ဦး မြို့စားကျုံးချင်ဖြစ်သည့် ဖန်းဇီကျန်းပင် ယှဉ် နိုင်ဖို့ ခဲယဉ်းလှသည်။

အမြဲတစေ ရာထူးဂုဏ်ဒြပ်တို့ကို ခုံမင်လျက် အဆင့်အတန်းနိမ့်သူတို့ အပေါ် အထင်မြင်သေးစွာ ကြည့်တတ်သည့် ရှမိသားစုက ယွီမိသားစု

အတိအကျ ပြောရလျှင် ယွီရှောင်ချောင်းနှင့် ပိုမို နီးကပ်နိုင်သော ဤ အခွင့်အရေးအား သခင်မဖန်း၏ ဖိတ်ကြားမှု မပါတာတောင်မှ လက်လွှတ် မခံနိုင်ကြပေ။ ဤသို့နှင့် တရားဝင်သွေးသားတော်စပ်သူအားလုံးက ဖိတ်ကြားခံရသူ စာရင်းတွင် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမှုရယူ ရန် လာရောက်ကြသည်။

သခင်မဖန်းနှင့် အဆက်ဖြတ်မည်ဟု ကြိမ်းဝါးခဲ့သည့် ယောင်းမသည်ပင် လျှင် အရှက်မဲ့စွာ လာရောက်ပြီး ရှောင်ချောင်းရဲ့ ဆံထိုးတင်အခမ်းအနား၏ အခမ်းအနားမှူးအဖြစ် ရှဖူရုန်အား ထားရန် အကြံပြုလာသည်။ ရှဖူရုန်နှင့် ရှောင်ချောင်းရဲ့အတိတ်က မသာယာမချမ်းမြေ့ခဲ့တဲ့ တွေ့ဆုံမှုကို ဥပေက္ခာပြု ထားရင်တောင် အခမ်းအနားမှူးနေရာက အမြဲတမ်း အချစ်ဆုံးသူငယ်ချင်း ဒါမှမဟုတ် ညီအစ်မ ဖြစ်ရမှာကို သူမကိုယ် သူမ ဘာထင်နေတာလဲ။

ဆွေမျိုးတွေနှင့် အတော်ရင်းနှီးသည့် မိသားစုတွေအပြင် တော်ဝင် မင်းသမီးကြီး၊ မှူးမတ်နှင့် ကြင်ရာတော်၊ သူတို့ရဲ့တစ်နှစ်သားလေးကို ခေါ် ဆောင်လာသည့် ဆက်ခံသူ အန်းနင်နှင့် သူ့ဇနီးတို့နှင့် မပါမဖြစ် ဟယ်ဝမ် နင်တို့ပါ ရောက်ရှိကြသည်။ ဟယ်ဝမ်နင်က အစီအစဉ်မှူးနေရာကို ဟိုးအ ရင်ကတည်းက ဦးယူထားပြီး ဖြစ်ကာ ယွမ်ရွှယ်ယန်နှင့် တော်ဝင်မင်းသမီး လန်ကိုပင် သူမနှင့် မလုကြဖို့ တောင်းဆိုထားသေးသည်။

ပညာရှင်ယွမ်မှ စ၍ အမတ်ချုပ်နှင့် သူ၏ဇနီး၊ ယွမ်ရွှယ်ယန်၏ အစ်ကို တော်များနှင့် ဇနီးမယားများအပြင် ယွမ်ရွှယ်ယန်နှင့် သူမ၏ အငယ်ဆုံး မောင်လေး ယွမ်ယွင်ရှီး စသည်ဖြင့် ယွမ်မိသားစုဝင် အနည်းအကျဉ်းလည်း တက်ရောက်ကြသည်။ ထို့အပြင် တော်ဝင်မင်းသမီးမင်လန်နှင့် သူမရဲ့ မယ်တော်၊ ယောင်းမတို့လည်း တက်ရောက်ကြသည်။ ယွီဝမ်ချင်းနှင့် လက်ဝဲလက်ထောက်အမတ်ယွီနှင့် ဇနီး၊ သူမအစ်ကိုနှင့် ယောင်းမတို့သည်

လည်း ရောက်ရှိလာကြသည်။

သူမရဲ့ လုပ်ငန်းတွဲဖက် လီမုန့်ရှူသည်လည်း သေချာပေါက် မပျက်မကွက် တက်ရောက်သည်။ သခင်မလီကလည်း သူမ၏ တရားဝင်သမီး လီမုန့်ချီနှင့် အပျော်လိုက်လာသည့် သားနှစ်ယောက်နှင့်အတူ တက်ရောက်ခဲ့ကြသည်။

ကျိုးမိသားစုကတော့ သခင်ကြီးနှင့် သခင်မကြီးတို့ ပွဲသို့ ကိုယ်တိုင်လာရောက် ကြည့်ရှုကြသည်။ ပထမ မိသားစုခွဲမှ မိသားစုဝင်များအပြင် ယွီရှောင်ချောင်းနှင့် ခင်မင်သည့် တတိယသခင်လေး၏အမေ အမျိုးသမီးကျိုးသည်လည်း ရှောင်ချောင်း၏ မွေးနေ့ပွဲအတွက် ဂုဏ်ပြုလက်ဆောင်အချို့ ယူဆောင်လာ ခဲ့သည်။ အမျိုးသမီးကျိုးက ယွီရှောင်ချောင်း၌ ကတိကဝတ်ပြုထားသူ ရှိပြီးဖြစ်တာကို မသိတာကြောင့် မိတ်ဆွေဟောင်းအနေဖြင့် လက်ထပ်ဖို့ အကြောင်း အစပျိုးကြည့်လို့ ရနိုင်မလား ဆိုတာကို သိချင်နေခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူမသားနှင့် ရှောင်ချောင်းက ငယ်ငယ်လေးကတည်းက သိလာကြပြီး အမြဲတမ်း ဆက်ဆံရေးကောင်းမွန်ခဲ့သည်လေ။

အဲ့ဒီနောက် မင်းသားဆာအိမ်တော်မှ သခင်၊ သခင်မနှင့် သူတို့၏ ဆက်ခံသူနှင့် ဇနီး၊ ရှောင်ချောင်းနှင့် ရင်းနှီးသည့် ကျူးယန်အာတို့ပါ ရောက်ရှိလာကြသည်။ သူမရောက်ရှိချိန်မှာတော့ ရှောင်ချောင်းရဲ့ အခမ်းအနားမှူး ဖြစ်ချင်ကြောင်း စတင် အငြင်းပွားတော့သည်။ သို့သော် ဟယ်ဝမ်နင်က သူမကို အမြန် ပြစ်တင် မောင်းမဲလိုက်သည်။

ရှောင်ချောင်းရဲ့ အိမ်ထောင်ဖက် ဆွေမျိုးတွေအနေနဲ့ မင်းသားကျင်းရဲ့ အိမ်တော်ကလည်း သူတို့ရဲ့ ချွေးမလောင်းလေး၏ အသက်ပြည့် အထိမ်းအမှတ်ပွဲသို့ မတက်ရောက်လို့ မဖြစ်ချေ။ ကြင်ရာတော်မင်းသမီးကျင်းက သခင်မဖန်း၏ နေရာကို လုယူနေသည့်အတိုင်း ဧည့်သည်တော်

တွေကို ပွဲလက်ခံသူအနေနဲ့ နှုတ်ဆက်နေလေ၏။ ကျူးကျွင်းယန်နှင့် သူ့မိခင်တို့ တတိယထက်သို့ တက်လာခဲ့တော့ သူ့ယောက္ခမနှစ်ယောက်၏ တားဆီးခြင်းကို ခံလိုက်ရသည်။ သခင်မဖန်းက သူ့ကို အပြုံးလေးနှင့် ကြည့်လျက်

"အပေါ်ထပ်အခမ်းအနားကို ရှိနေတဲ့သူတွေ အကုန်လုံးက အမျိုးသမီးတွေချည်းပဲဆိုတော့ တော်ဝင်မင်းသားယန်အနေနဲ့ အပေါ်ကို တက်သွားဖို့ မသင့်တော်ဘူးမဟုတ်လား"

တော်ဝင်မင်းသားယန်က သူ့ဇနီးလောင်းလေး၏ ဆံထိုးတင်အခမ်းအနားကို လွတ်မသွားချင်ပေမယ့် အခမ်းအနား ပြီးစီးပြီး ဆင်းလာသည်ကို အောက်ထပ်မှာ ထိုင်စောင့်ဖို့ ဖိအားပေးခံခဲ့ရသည်။

မမျှော်လင့်ထားဆုံးအရာက သူ၏အိမ်တော်မှ ထွက်ခွာခဲလှသည့် တော်ဝင်မင်းသားသွမ်က ကြင်ရာတော်မင်းသမီးသွမ်ကိုပါ ခေါ်ပြီး အခမ်းအနား ကြည့်ရှုဖို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ တော်ဝင်မင်းသားသွမ်က အနည်းငယ် ပိန်ပါးနေသည့်ပုံ ပေါက်သော်လည်း သူ့ခန္ဓာကိုယ်က အတော်လေး သန်မာနေသေးသည်။ ကောလာဟလတွေအတိုင်း အပြင်းဖျားနာနေခြင်းမျိုး မရှိပေ။ မိန်းကလေးယွီရဲ့ ဆေးစွမ်းက တော်ဝင်သမားတော်ဆောင်မှ သမားတော်အိုကြီးတွေထက် ပိုကောင်းပြီး တော်ဝင်မင်းသားသွမ်ရဲ့ ဆယ်စုနှစ်ကြာ နာတာရှည်ဖျားနာမှုကို ကုသပေးနိုင်ခဲ့တယ်ဆိုတာ အမှန်ပဲလား။

လူသားတွေက သေမျိုးတွေသာ ဖြစ်တာကြောင့် ဘယ်လိုလုပ် မဖျားမနာတာ ရှိမှာလဲ။ လူတိုင်းမှာတော့ ကျွမ်းကျင်တဲ့ ဆေးသမားတော်နှင့် ရင်းနှီးဖို့ အခွင့်အရေး မရှိပေ။ ထိုကဲ့သို့ တော်ဝင်မင်းသားသွမ် ရောက်ရှိလာမှုက ရှောင်ချောင်းရဲ့ ဆံထိုးတင်အခမ်းအနားသို့ ဖိတ်ကြားခြင်းမခံသည့်

ဧည့်သည်များအား ဆွဲဆောင်နိုင်ခဲ့သည်။ သူတို့ရဲ့လက်ဆောင်ပဏ္ဏာတွေကို အလျှင်အမြန် ဆက်သပြီး ဝင်ရောက်လာကြတဲ့ လူအုပ်ကို မောင်းထုတ်ဖို့က မလျော်ကန်ဘူး မဟုတ်လား။ သခင်မဖန်းက ဧည့်သည်တွေကို စိတ်လိုလက်ရ နှုတ်ဆက်ရင်း ဟင်းပွဲတွေ လုံလောက်စွာ ပြင်ဆင်ထားရဲ့လားဆိုတာကို မေးဖို့ တတိယသခင်လေးကျိုးထံ အစေခံတစ်ယောက် စေလွှတ်လိုက်သည်။ ကံကောင်းစွာနဲ့ တတိယသခင်လေးကျိုးက ယုံကြည်အားကိုးရပြီး ဟင်းပွဲအပိုတွေ ပြင်ဆင်ထားတာကြောင့် ဧည့်သည်တွေအတွက် စားပွဲမလုံမလောက် ဖြစ်ပြီး အရှက်ရတာမျိုး မကြုံရတော့ပေ။

အမှန်ပင်။ အမျိုးသမီးဧည့်သည်တွေသာ တတိယထပ်မှ အခမ်းအနားကို မြင်တွေ့ခွင့်ရပြီး ကျန်ဧည့်သည်တော်တွေကိုတော့ အောက်ထပ်၌ အဆာပြေမုန့်များနှင့် တည်ခင်းဧည့်ခံပေးထားသည်။ ပုံမှန်ဆိုလျှင် ဆံထိုးတင်ပွဲကို ရှေးဟောင်းဘုရားကျောင်းများ၌ ကျင်းပလေ့ရှိတာကြောင့် ကျိန်ရှုံစားသောက်ဆိုင်၌ ဆံထိုးတင်အခမ်းအနား ကျင်းပမည်ဆိုသည့် ဖိတ်ကြားလွှာကို တွေ့သောအခါ ယွီမိသားစု၏ ထုံးတမ်းဓလေ့အားမလိုက်နာမှုကို တိတ်တဆိတ် ရယ်မောနေခဲ့ကြသည်။ သို့သော်လည်း တတိယထပ်ရှိ ခမ်းနားလှတဲ့ ပွဲခန်းမသို့ ဝင်ရောက်လိုက်သည်နှင့် သူတို့မျှော်လင့်ထားသည့် ရုပ်ပျက်ဆင်းပျက် အဖြစ်က ချက်ချင်း ကွယ်ပျောက်သွားသည်။

တတိယထပ်မှ ခန်းမကြီးမှာ တိတ်ဆိတ် ကျယ်ပြောလျက် တခမ်းတနား အလှဆင်ထားမှုကလည်း ပညာတတ် ဂုဏ်သရေရှိမှုနှင့် ပြည့်စုံနေပြီး နေရာတိုင်းက တည်ငြိမ်လေးနက်မှုအငွေ့အသက်ကို ဖော်ပြနေသည်။ ရှေးဟောင်းဘုရားကျောင်း အများစုထက် အံ့အားသင့်ရလောက်အောင် ပိုမိုကောင်းမွန်ပြီး ခန့်ညားထည်ဝါသည်။ အထူးသဖြင့် ခန်းမထဲမှ အလှဆင်ထားမှုနှင့် အသေးစိတ် ကျနလှပမှုများ အားလုံးက လူတိုင်း၏ ချီးမွမ်းမှုကို

ခံခဲ့ရသည်။

သူတို့ လှေကားမှ တက်လာချိန်တွင် တည်ငြိမ်စွာ ပြုံးနေသည့် သခင်မဖန်းနှင့် အခြားသူတွေ ပြောကြသလိုမျိုး လယ်သမားမိန်းမဆိုသည်နှင့် တစ်စက်မှ မတူညီသော အသားရေချောမွတ်ပြီး တင့်တယ်သည့် ဝတ်စုံကို ဆင်မြန်းထားသော လှပသည့် အမျိုးသမီးလို့တို့ကို တွေ့ရသည်။ သူတို့နှစ်ယောက်လုံးက လှေကားရဲ့အရှေ့ဘက်ခြမ်းမှာ မတ်တပ်ရပ်လျက် ဧည့်သည်တွေကို ကြိုဆိုနေကြပြီး လှေကားအနောက်ဘက်ခြမ်းတွင် ရပ်နေသူကတော့ ဆက်ခံသူအန်းနင်၏ ဇနီးဖြစ်သူ ဖြစ်သည်။

ဒီနေ့ရဲ့ ဇာတ်လိုက်တွေဖြစ်တဲ့ ယွီရှောင်ချောင်းနှင့် ယွီရှောင်လျန်တို့ ညီအစ်မနှစ်ယောက်ကတော့ ပန်းပွင့်ဖတ်တို့နှင့် ရေချိုးပြီး အခမ်းအနား ပွဲတက်ဝတ်စုံနှင့် ဖိနပ်တို့ကို ဝတ်ဆင်ကာ ခန်းမ အရှေ့ဘက်ခြမ်းတွင် တည်ငြိမ်စွာ စောင့်နေကြသည်။ ရှောင်ချောင်းနှင့် ရှောင်လျန်တို့က အမွှာညီအစ်မ ဖြစ်တာမို့ သူတို့ရဲ့ဆံထိုးတင်အခမ်းအနားကို အတူတူ ကျင်းပကြသည်။

ရှောင်လျန်က အဝတ်အစားလဲခန်းထဲမှ အပြင်သို့ လျှို့ဝှက်စွာ ချောင်းကြည့်သောအခါ ကျက်သရေရှိလှသည့် ဧည့်သည်အမြောက်အမြားကို တွေ့မြင်ရသဖြင့် လျှာထုတ်လျက် ရွှတ်နောက်နောက် ပြောသည်

"ညီမလေး ငါ နင့်ကျေးဇူးနဲ့ ဒီနေ့တော့ စိန်နားကပ်ရောက် ပါးပြောင်နေတာပဲ နန်းတွင်းအရာရှိတွေရဲ့ ဇနီးသည်တွေနဲ့ သမီးတွေ အများကြီး လာကြတယ်ဟ။ ငါ အရင်က ဒါမျိုးကို အိပ်မက်တောင် မမက်ဖူးဘူး"

"ဘာကို အိပ်မက်မက်ရမှာလဲ သူတို့က အရာရှိဇနီးဆိုတော့ရော ဘာဖြစ်လဲ။ သူတို့မှာလည်း မျက်လုံးနှစ်လုံး ပါးစပ်တစ်ပေါက်ပါတာပဲ မဟုတ်လား သူတို့မှာ ငါတို့ထက် နှာခေါင်းပေါက်တစ်ပေါက် ပိုပါနေတာ ဖြစ်နိုင်ပါ့မ

လား"

ယွိရှောင်ချောင်းရဲ့ခေါင်းလေးကလည်း သူမအပေါ်မှ ထပ်လျက် အပြင်သို့ ချောင်းကြည့်နေသည်။ အမေဘက်မှ အကြီးဆုံးအဒေါ်ဟန်က သူတို့နှစ်ယောက်ကို မြင်တော့ ရွှယ်တူ ခေါင်းလေးနှစ်လုံးကို အခန်းထဲ အမြန်တွန်းလွှတ်လိုက်သည်။

"ကိုယ့်ဘာသာ အပြုအမူ ဆင်ခြင်ကြ! ဒီနေ့က မင်းတို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တာမလို့ ဧည့်သည်တွေရှေ့မှာ ရယ်စရာမ ဖြစ်စေကြနဲ့။ ဟိုနေ့က နန်းတွင်းအစေခံကြီး သင်ပေးထားတဲ့ ကျင့်ဝတ်တွေအားလုံး မင်းတို့ မှတ်မိသေးတယ်မလား။ မင်းတို့ အမှားမလုပ်မိအောင် မြန်မြန်လေး ခေါင်းထဲမှတ်ထားကြ"

ယွိရှောင်ချောင်းက သူမအမေဘက်မှ အကြီးဆုံးအဒေါ်၏လက်ကို ဆွဲဖက်ရင်း ကလေးဆန်ဆန်

လွှဲရမ်းလျက် ချစ်စရာကောင်းအောင် ပြုမူချွဲနွဲ့နေတော့သည်

"အကြီးဆုံးအဒေါ် သမီးရေဆာတယ် ရေငတ်ပြေအောင် ဖရဲသီးလေးတစ်စိတ်လောက် ယူပေးလို့ ရမလား"

"မရပါဘူး မင်းစိတ်လှုပ်ရှားပြီး အပေ့ါသွားချင်ရင် ဘယ်လိုလုပ်မလဲ ခနပဲသည်းခံလိုက် အခမ်းအနား ပြီးပြီးချင်း အဒေါ် ဖရဲသီးဖျော်ရည်တစ်ခွက်ယူလာပေးမယ်။ ရှောင်လျန် မင်းရောပဲ ကောင်းကောင်း နေကြ ဟုတ်ပြီလား"

အမေဘက်မှ အကြီးဆုံးအဒေါ်က အငြိမ်မနေကြတဲ့ ကောင်မလေးနှစ်ယောက်ကို ချွေးသိပ်လျက် ဧည့်သည်တွေကို ပြန်ဧည့်ခံဖို့ အမြန် ထွက်လာခဲ့သည်။ ထိုမျိုးရိုးမြင့်ဧည့်သည်တော်တို့ကို ဧည့်ခံဖို့တော့ သူမ မလိုအပ်ပေ

မယ့် သူတို့ဇာတိမြို့မှ ဧည့်သည်အချို့ ရှိသေးသည်။ သူမညီမနှင့် ယောင်းမက ဒါတွေအကုန် ကိုင်တွယ်နိုင်မှာ မဟုတ်တာမို့ သူမသွားပြီး ကြီးကြပ်ပေးဖို့ လိုသေးသည်။

ဂီတတူရိယာတွေ စတင်တီးခတ်သည်နှင့်တစ်ပြိုင်နက် ဂုဏ်သရေရှိ ဧည့်သည်တော် ရောက်ရှိလာမှုက အုတ်အော်သောင်းနင်း ဖြစ်သွားစေသည်။ ဂုဏ်သရေရှိ ဧည့်သည်တော်ထိုင်ခုံကို လုရန် ကြံစည်ထားသည့် တော်ဝင်မင်းသမီးကြီးပင် ဂုဏ်သရေရှိ ဧည့်သည်တော်ကို မြင်တွေ့သောအခါ ချက်ချင်း အပြုံးလေးနှင့် လက်လျှော့လိုက်ပြီး သူမစိတ်ထဲတွင် ရေရွတ်မိသည်

'ယွီမိသားစုရဲ့ဒီကောင်မလေးက အတော်လေး ဂုဏ်သတင်းကြီးတာပဲ ဧကရီကိုတောင် ဂုဏ်သရေရှိ ဧည့်သည်တော်အဖြစ် ဖိတ်ကြားနိုင်တာပဲ သူမထက်သာတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော် ရှိပါဦးမလား'

***